ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာဖတ်စာ

## ဒုတိယတန်း

## GRADE 3

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ
၂၀၁၉–၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာဖတ်စာ

## ဒုတိယတန်း

## GRADE 3

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ - ၆၅၀၀၀၀
၂၀၁၅-၂၀၁၆ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်တော်မတီ၏ မူပိုင်ဖြစ်သည်။

## ဆရာများအတွက်အမှာစာ

၁။ ဒုတိယတန်းမြန်မာဖတ်စာအုပ်သည် မူလတန်းအောက်ဆင့်တွင်သင်ကြားရန် ပြဋ္ဌာန်းသောစာအုပ်ဖြစ်သည်။

မူလတန်းအောက်ဆင့် မြန်မာစာသင်ကြားရာ၌ သတိပြုအလေးထားရမည့် အချက်များမှာ ဤစာအုပ်ထဲတွင် ဗဟုသုတရဖွယ်များ၊ မျိုးချစ်စိတ်ဓာတ်၊ ကျန်းမာရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု၊ စာရိတ္တ၊ မွေးမြူရေးဆိုင်ရာများ စုံလင်စွာပါဝင်ဖွဲ့စည်းထား ပါသည်။ ကလေးများတတ်ကျွမ်းမှုကို စစ်နိုင်ရန် လေ့ကျင့်ခန်းများကို အနည်းဆုံးနှစ်ခု၊ အများဆုံးသုံးခုကို ထည့်သွင်းထားပါသည်။ ဖတ်စာပါသင်ခန်းစာများကို ဒုတိယတန်း ကလေးများအား သင်ကြားရာတွင် ဖော်ပြပါ သင်ယူမှုရည်ရွယ်ချက်များ ပြီးမြောက်ပြည့်စုံစွာ ကလေးများ သိရှိ၊ နားလည်တတ်မြောက်သွားရန် သင်ကြားစေလိုပါသည်။

အနာအကြားတွင် ပုံပြင်ဝတ္ထုများကို နားထောင်တတ်ရန်၊ ကဗျာ၊ လင်္ကာတို့ကို နားထောင်တတ်ရန်နှင့် ဆရာရှင်းပြသည်တို့ကို နားထောင်တတ်ရန်တို့ ဖြစ်သည်။ အပြော အဆိုတွင် ပုံပြင်ဝတ္ထုများ၊ ဖတ်စာပါအကြောင်းအရာများကို ပြန်ပြောတတ်ရန်ဖြစ်သည်။ အဖတ်အရွတ်တွင် ကဗျာများကို အသံနေအသံထား အဖြတ်အတောက်မှန်မှန် ရွတ်ဆို တတ်ရန်နှင့် ဖတ်စာပါ ဝေါဟာရများ၊ ဝါကျများ၊ စာပိုဒ်များ၊ ပုံဝတ္ထုများကို စနစ်တကျ အသံထွက်ဖတ်တတ်ရန်၊ အရေးအသားတွင် ဖတ်စာပါစာလုံးများ၊ ဝါကျများကို စာလုံးပေါင်းသတ်ပုံ မှန်ကန်စွာရေးတတ်ရန်၊ လက်ရေးလက်သား လှပစွာရေးတတ်ရန်နှင့် ဖတ်စာပါ သမိုင်း၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ စာရိတ္တဖွံ့ဖြိုးမှုဆိုင်ရာ အကြောင်းအရာတို့ကို ရေးပြတတ်ရန်ဖြစ်သည်။

၂။ ဆရာများသတိပြုရန်အချက်မှာ စကားပြေပိုင်းနှင့် လေ့ကျင့်ခန်းအပိုင်းများကို အချိန်ယူသင်ကြားရပါမည်။ သင်ကြားရာတွင် သင်ခန်းစာနှင့်လိုက်လျောညီထွေရှိသော သင်နည်းများရွေးချယ်၍ ကိုက်ညီသင့်လျော်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြု သင်ကြားရန်ဖြစ်သည်။ အထူးသဖြင့် ကလေးများကို လုပ်ငန်းပေး၍ သင်ကြားပေးရန် ဖြစ်သည်။ တပည့်များကိုယ်တိုင် ပါဝင်၍ နားထောင်ခြင်း၊ ပြောဆိုခြင်း၊ ဖတ်ရွတ်ခြင်း၊ ရေးသားခြင်းများ ပြုလုပ်စေရန်လိုပါသည်။ ကလေးများအား မြန်မာစာသင်ကြားရာ၌ အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား မှန်ကန်ကောင်းမွန်မှုကို ရည်ရွယ်၍ သင်ကြားရပါမည်။

၃။ သင်ချိန်များကို အလျော့အတင်းဆောင်ရွက်နိုင်ရန် ပျမ်းမျှစာသင်ချိန်အဖြစ် သတ်မှတ်ပေးထားသည်။ သင်ခန်းစာအခြေအနေပေါ်မူတည်၍ သတ်မှတ်ပေးထားသော စာသင်ချိန်အောက်လျော့၍လည်းကောင်း၊ ပို၍လည်းကောင်း သင်ခန်းစာအားလုံးကို သင်ချိန်ကြည့်၍ သင်ကြားပေးရန်ဖြစ်ပါသည်။ အထူးသဖြင့် သင်ခန်းစာကျေညက်စွာ တတ်မြောက်နားလည်ရေးကို ဦးစားပေးရန်နှင့် ဘာသာစကားကျွမ်းကျင်ရေးကို အလေးအနက်ထားရန်ဖြစ်ပါသည်။ ဒုတိယတန်းသည် မူလတန်းအောက်ဆင့်ဖြစ်သော ကြောင့် စာသင်ချိန်တစ်ချိန်လျှင် (၃၀) မိနစ် သာသင်ရပါမည်။ တစ်ပတ်စာသင်ချိန် (၁၁) ချိန်ဖြစ်၍ တစ်နှစ် (၃၆) ပတ်အတွက် စာသင်ချိန်ပေါင်း (၃၉၆) ချိန်၊ နာရီပေါင်း (၁၉၈) နာရီ သင်ရပါမည်။

၄။ ဒုတိယတန်း မြန်မာစာသင်ချိန် ခန့်မှန်းချက်ဇယားကို နမူနာအဖြစ် ဖော်ပြထားပါသည်။

| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ချိန် | စုစုပေါင်း |
|---|---|---|---|
| ၁။ | စကားပြေ (တစ်ပုဒ်လျှင်)<br>၁၄ ပုဒ် | ၁၂<br>(၁၂ ချိန် × ၁၄) | ၁၆၈ |
| ၂။ | ကဗျာ (တစ်ပုဒ်လျှင်)<br>၈ ပုဒ် | ၁၀<br>(၁၀ ချိန် × ၈) | ၈၀ |
| ၃။ | ပုံပြ (တစ်ပုဒ်လျှင်)<br>၁ ပုဒ် | ၈<br>(၈ ချိန် × ၁) | ၈ |
| ၄။ | စကားထာ (တစ်ပုဒ်လျှင်)<br>၁ ပုဒ် | ၈<br>(၈ ချိန် × ၁) | ၈ |
| | သင်ချိန်ပေါင်း<br>အရန်သင်ချိန် | | ၂၆၄<br>၁၃၂ |
| | **တစ်နှစ် (၃၆)ပတ်အတွက် စုစုပေါင်းသင်ချိန်** | | **၃၉၆** |

မှတ်ချက်။ အရန်သင်ချိန်သည် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အသုံးပြုရန်ဖြစ်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | တို့အလဲ | ၁ |
| ၂။ | ယုန်နှင့်လိပ် | ၃ |
| ၃။ | တို့မေမေ (ကဗျာ) | ၄ |
| ၄။ | သူငယ်ချင်းထံပေးစာ | ၅ |
| ၅။ | တို့ဖေဖေ (ကဗျာ) | ၆ |
| ၆။ | မောစီရွှေကျောင်း (ကဗျာ) | ၇ |
| ၇။ | ဒေါင်းယောင်ဆောင်သောကျီး | ၈ |
| ၈။ | ဥတုသုံးပါး | ၁၀ |
| ၉။ | ကျေးရွာရှင်ဦးကြီးများ | ၁၃ |
| ၁၀။ | လယ်ထွန်မင်္ဂလာသီချင်း (ကဗျာ) | ၁၅ |
| ၁၁။ | ပစ္စည်းဟူသမျှ ရှိသေကြ | ၁၆ |
| ၁၂။ | စပါးဖျက်ပိုး | ၁၈ |
| ၁၃။ | မြန်မာကလေး ကစားစရာ | ၂၀ |
| ၁၄။ | ပင်ဝါးရုံ (ကဗျာ) | ၂၃ |
| ၁၅။ | ကျေးညီနောင် | ၂၄ |
| ၁၆။ | အတာသင်္ကြန် | ၂၆ |
| ၁၇။ | မိဘဝတ်၊ ဆရာ့ဝတ် (ကဗျာ) | ၂၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈။ | ရုပ်ဝေးမြေခြား ကလေးများ (ပုံပြ) | ၂၆ |
| ၁၉။ | တိရစ္ဆာန်ဥယျာဉ် | ၃၁ |
| ၂၀။ | နွားအကြောင်း | ၃၅ |
| ၂၁။ | တောသူ့ရွာမို့ (ကဗျာ) | ၃၇ |
| ၂၂။ | အိမ်နောက်ဖေး ဈေးဆိုင်တည် | ၃၈ |
| ၂၃။ | မဲဓာမြိုင် (ကဗျာ) | ၄၁ |
| ၂၄။ | စကားထာ | ၄၂ |



# တို့အလံ

ကျွန်တော်တို့ကျောင်းရှေ့ရှိ အလံတိုင်တွင် ကျောင်းဖွင့်သည့်နေ့တိုင်း နိုင်ငံတော် အလံကို လွှင့်ထူထားပါသည်။ နံနက်ကျောင်းမတက်မီ ဆရာ/ဆရာမများနှင့်ကျောင်းသူ၊ ကျောင်းသား များက ထိုအလံကို အလေးပြုကြပါသည်။ ကျောင်းတက်ခေါင်းလောင်းထိုးသောအခါ ကျောင်းသား များသည် အလံတိုင်ရှေ့တွင် အတန်းလိုက်တန်းစီကာ ငြိမ်သက်စွာ ရပ်နေကြပါသည်။ တို့နောက် နိုင်ငံတော်အလံကို အလေးပြုရန်ဆရာကြီးက အမိန့်ပေးလိုက်သောအခါ အားလုံးက ဦးညွတ်၍ ရိုသေစွာ အလေးပြုကြပါသည်။

နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့ အောက်ခံအဖြစ် ပါရှိခြင်းမှာ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလက ထည်ဝါစွာအသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြု ဖော်ညွှန်းခြင်းဖြစ်သည်။

အလံတော်ရှိ အဝါရောင်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ပျော်ရွှင်ခြင်းနှင့် တိုင်းရင်းသားအားလုံး ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်မှုရှိခြင်း ဟူသော အဓိပ္ပာယ်ကို ဆောင်ပါသည်။

အလံတော်ရှိ အစိမ်းရောင်သည် မြေဆီဩဇာကြွယ်ဝခြင်း၊ ညီညွတ်မျှတခြင်းနှင့် အေးချမ်း သာယာ၍ စိမ်းလန်းစိုပြည်သည့်နိုင်ငံဖြစ်ခြင်း ဟူသောအဓိပ္ပာယ်ကို ဆောင်ပါသည်။

အလံတော်ရှိ အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်း ဟူသောအဓိပ္ပာယ်ကို ဆောင်ပါသည်။

ကြယ်၏အရောင်ဖြစ်သော အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ် မှန်ကန် ခြင်း၊ ကရုဏာတရား ပြည့်ဝခြင်းနှင့် စွမ်းအင်နှင့်ပြည့်စုံခြင်းဟူသော အဓိပ္ပာယ်ကို ဆောင်ပါသည်။

နိုင်ငံတော်အလံကို အတင်အချုပြုရာတွင် လည်းကောင်း၊အသုံးပြုရာတွင် လည်းကောင်း ရိုရိုသေသေ ကိုင်တွယ်အသုံးပြုရပါမည်။

ကျွန်တော်တို့သည် လွတ်လပ်ရေးကို ထိန်းသိမ်းရန်နှင့် နိုင်ငံတော်ကို သစ္စာရှိရန် အမြဲသတိရလျက် နိုင်ငံတော်အလံကို အလေးပြုကြပါသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
သည်ဝါ၊ အဓိပ္ပာယ်၊ ဉာဏ်ပညာ၊ မြေဆီဩဇာ၊ ဂုဏ်ကျက်သရေ။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
ဦးညွှတ်၊ အစိမ်းရောင်၊ ရဲရင့်ခြင်း၊ သာယာ၊ အလေးပြု။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) နိုင်ငံတော်အလံကို မည်သို့အလေးပြုရမည်နည်း။
(ခ) နိုင်ငံတော်အလံတွင်ပါဝင်သော အရောင်များကို ဖော်ပြပါ။
(ဂ) နိုင်ငံတော်အလံရှိ အဝါရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။
(ဃ) နိုင်ငံတော်အလံရှိ အစိမ်းရောင်သည် မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။
(င) နိုင်ငံတော်အလံရှိ အနီရောင်သည်မည်သည့်အဓိပ္ပာယ်ကို ဆောင်သနည်း။
(စ) နိုင်ငံတော်အလံရှိ ကြယ်၏အရောင်ဖြစ်သော အဖြူရောင်သည် မည်သည့် အဓိပ္ပာယ်ကို ဆောင်သနည်း။
(ဆ) သင်တို့သည် နိုင်ငံတော်အလံကို အဘယ်ကြောင့် အလေးပြုကြသနည်း။




# ယုန်နှင့်လိပ်

တစ်နေ့သ၌ ယုန်နှင့်လိပ်တို့ တွေ့ဆုံကြရာ ယုန်က အဆွေလိပ်၊ သင်သည် အသွားနှေးသည်ဟု ကဲ့ရဲ့၏။ ထိုအခါ လိပ်က အဆွေယုန်၊ သင်နှင့်ငါ အပြေးပြိုင်ဝံ့သည်။ သင့်ကို ငါမကြောက်ဟု ဆို၏။

ယုန်ကလည်း ကောင်းပြီ၊ ငါတို့ အပြေးပြိုင်ကြမည်ဟု ပြော၏။

နောက်နေ့နံနက်၌ ယုန်နှင့် လိပ်တို့သည် အပြေးပြိုင်ကြလေ၏။

ယုန်သည် လျင်မြန်စွာ ပြေးလေသည်။ လိပ်မူကား မရပ်မနားဘဲ တရွေ့ရွေ့ သွား၏။

ယုန်သည် မြက်ခင်းတစ်ခုသို့ ရောက်သောအခါ ငါသည် ပန်းတိုင်နှင့် နီးကပ်လာပြီ၊ လိပ်ကိုစောင့်ရန် နားဦးမည်ဟုဆိုကာ တစ်ရေးအိပ်လေ၏။

ယုန်သည် အိပ်ရာမှနိုးလတ်သော် ထ၍ တစ်ဟုန်တည်းပြေးလေ၏။ သို့ရာတွင် လိပ်သည် ပန်းတိုင်သို့ ရှေးဦးစွာ ရောက်နှင့်ပြီးဖြစ်လေသတည်း။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ကဲ့ရဲ့၊ တရွေ့ရွေ့၊ လျင်မြန်စွာ၊ မြက်ခင်း၊ ပန်းတိုင်။

၂။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) အပြေးပြိုင်ပွဲတွင် လိပ်သည် မည်ကဲ့သို့ သွားသနည်း။

(ခ) မည်သူသည် ပန်းတိုင်သို့ ရှေးဦးစွာ ရောက်နှင့်သနည်း။

(ဂ) ယုန်သည် လိပ်ကို အဘယ်ကြောင့် ရှုံးရသနည်း။

(ဃ) ယုန်နှင့်လိပ်ပုံပြင်ကို ဖတ်ခြင်းအားဖြင့် မည်သည့်သင်ခန်းစာများ ရရှိသနည်း။

(င) ယုန်နှင့်လိပ်ပုံပြင်ကို သင် မည်သို့ဖြစ်စေချင်ပါသလဲ။

၃။ အောက်ပါ ကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။

(က) နောက်နေ့နံနက်၌ ယုန်နှင့်လိပ်တို့သည် ---------- ကြလေ၏။

(ခ) ယုန်သည် မြက်ခင်းတစ်ခုသို့ ရောက်သောအခါ ---- အိပ်လေ၏။

( ရွတ်ဆိုရန် )



## တို့မေမေ

ကျွေးမွေးသုတ်သင်၊ သက်ဆုံးပင်၊
ချစ်ခင်ရှာပေ၊ တို့မေမေ။

ငယ်စဉ်ကာလ၊ စည်းကမ်းပြ၊
ဆုံးမခဲ့ပေ၊ တို့မေမေ။

အရွယ်ရောက်လာ၊ ကျောင်းအပ်ကာ၊
ပညာပေးပေ၊ တို့မေမေ။

ကျန်းမာဖို့ရေး၊ သင့်ရာကျွေး၊
လေးစားအပ်ပေ၊ တို့မေမေ။

ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊
ချစ်ခင်အပ်ပေ၊ တို့မေမေ။






သူငယ်ချင်းထံပေးစာ

ကျောင်းပင်သာရွာ
ဖြူးမြို့နယ်
၁၃၄၅ခု၊ တန်ခူးလဆန်း ၁ ရက်

သူငယ်ချင်းမောင်အေး

သူငယ်ချင်းထံသို့ သတိတရစာရေးလိုက်ပါသည်။ သူငယ်ချင်းတို့ တစ်အိမ်သားလုံး ကျန်းမာကြပါစေဟု ဆုတောင်းလျက် ရှိပါသည်။

ပြီးခဲ့သောအတန်းတင်စာမေးပွဲကို ကျွန်တော် ကောင်းစွာ ဖြေဆိုနိုင်ပါသည်။ အောင်မြင်မည်ဟု ယုံကြည်ပါသည်။

သူငယ်ချင်းတို့ရွာတွင် တန်ခူးလပြည့်နေ့၌ ကျင်းပမည့် ရွာဦးဘုရားပွဲသို့ ကျွန်တော် လာချင်ပါသည်။ ကျွန်တော်၏ မိဘနှစ်ပါးထံတွင်လည်း ခွင့်တောင်းပြီး ဖြစ်ပါသည်။ ကျွန်ကော်လာမည့်နေ့ကို ကြိုတင်၍ စာရေးလိုက်ပါမည်။

ကျန်းမာကြပါစေ
မောင်ထွေး

လေ့ကျင့်ခန်း

၁။ ဤပေးစာတွင် မည်သူက မည်သူ့ထံသို့ မည်သည့်အကြောင်း ရေးထားသနည်း။
၂။ ပေးစာကိုဖတ်၍ သင့်သူငယ်ချင်းထံသို့ ပြန်စာတစ်စောင်ရေးပါ။

(ရွတ်ဆိုရန်)



## တို့ဖေဖေ

စားဝတ်နေရေး၊ ငွေရှာပေး၊
ကျေးဇူးကြီးပေ၊ တို့ဖေဖေ။

ကိစ္စများဖြင့်၊ ပေါ်ဝေါက်လျှင်၊
စီရင်တတ်ပေ၊ တို့ဖေဖေ။

အိမ်ထောင်အရေး၊ စီမံပေး၊
လေးစားလောက်ပေ၊ တို့ဖေဖေ။

စဉ်းစားမြော်ဖြင့်၊ ဉာဏ်နှင့်ယှဉ်၊
ပဲ့ပြင်တတ်ပေ၊ တို့ဖေဖေ။

နိုင်ငံ့အကျိုး၊ တို့အကျိုး၊
သယ်ပိုးနိုင်ပေ၊ တို့ဖေဖေ။

(ရွတ်ဆိုရန်)

## ဗောဓိရွှေကျောင်း

အရှေ့ကို လျှောက်ပါလို့၊
အနောက်ကိုတဲ့ မျှော်လိုက်ရင်။

တံခွန်တိုင်ရွှေကုက္ကားနဲ့၊
ဘုရားကို မြင်။

မမလေးတို့ ပျို့ဦးရင်၊
အဝင်သာပေတောင်း။

ဗောဓိ ရွှေကျောင်း။





# ဒေါင်းယောင်ဆောင်သောကျီး

ရှေးအခါက ကြွားဝါတတ်သော ကျီးတစ်ကောင်ရှိလေသည်။ ထိုကျီးသည် ဒေါင်းများကို မြင်လျှင် ဒေါင်းကဲ့သို့ လှပလို၏။ ထို့ကြောင့် ဒေါင်းတောင်များကို ရှာပြီးလျှင် သူ့ကိုယ်၌တပ်ဆင်၍ ဒေါင်းတို့နေရာသို့ သွားလေ၏။

ဒေါင်းတို့နှင့်တွေ့သောအခါ ကျီးက ငါသည် ဒေါင်းဖြစ်သည်ဟုဆိုကာ ဒေါင်းယောင်ဆောင်၍နေလေ၏။ ဒေါင်းတို့ကလည်း ဟယ် ငှက်ကြွား၊ သင်သည် ဒေါင်းမျိုးမဟုတ်၊ ကျီးသာဖြစ်သည်ဟု ဆိုကြလေ၏။ ဒေါင်းတို့သည် ကျီးကို ဝိုင်း၍ ထိုးဆိတ်ကြကုန်၏။ ထိုအခါ ကျီး၏ကိုယ်မှ ဒေါင်းတောင်များသာမက ကျီးတောင်များပါ ကျွတ်ကျကုန်၏။

ကျီးသည် လွန်စွာနာကျင်လျက် မိမိတို့အမျိုးဖြစ်သော ကျီးတို့ထံ ပြန်ပြေးလေ၏။ ကျီးတို့ကလည်း သင်သည် မိမိတို့၏အမျိုးကိုအထင်မကြီး၊ သူတစ်ပါးအမျိုးကိုသာ အထင်ကြီးသည်။ ငါတို့ထံမလာနှင့်ဟု နှင်ထုတ်ကြ၏။ ဒေါင်းယောင်ဆောင်သော ကျီးကို ဒေါင်းတို့ကသာမက ကျီးတို့ကပါ မုန်းတီးကြလေသတည်း။

ကိုယ့်အမျိုးကိုစွန့်၍ သူတစ်ပါးအမျိုးကို အထင်ကြီးပြီး အတုခိုးပါက အကျိုးမရှိနိုင်ကြောင်း သိရှိနားလည်ရပါမည်။

# လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
တပ်ဆင်၊ ထိုးဆိတ်၊ နာကျင်၊ မုန်းတီး။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
ကြွားဝါ၊ ကျွတ်ကျ၊ အထင်ကြီး၊ နှင်ထုတ်။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) ကြွားဝါတတ်သော ကျီးသည် ဒေါင်းတောင်များကို ရှာပြီးလျှင် ဘာလုပ်သနည်း။
(ခ) ကျီးအပေါင်းတို့က ဒေါင်းယောင်ဆောင်သောကျီးကို မည်ကဲ့သို့ ပြောဆိုနှင်ထုတ်လိုက်သနည်း။
(ဂ) ဟန်ဆောင်ခြင်းသည် ကောင်းပါသလား။ ဘယ်လိုထင်ပါသလဲ။

၄။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) ဒေါင်းတို့သည် ကျီးကို ဝိုင်း၍ ------ ကြကုန်၏။
(ခ) ကျီး၏ကိုယ်မှ ဒေါင်းတောင်များသာမက ကျီးတောင်များပါ---------- ကုန်၏။
(ဂ) ဒေါင်းယောင်ဆောင်သောကျီးကိုဒေါင်းတို့ကသာမက ကျီးတို့ကပါ --------- ကြသည်။





# ဥတုသုံးပါး

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိသည်။ တစ်ဥတုလျှင် လေးလစီကြာ၏။

တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ လေးလသည် နွေဥတုဖြစ်သည်။ နွေဥတုသည် အလွန်ပူပြင်း၏။ ရွက်ဟောင်းကြွေ၍ ရွက်သစ်စ၏။ မြစ်ချောင်းအင်းအိုင်တို့တွင် ရေနည်းပါးသွား၏။ ချောင်းငယ်၊ အင်းအိုင်ငယ်တို့တွင် ရေခန်းခြောက်ကုန်၏။ နွေဥတုတွင် ကျွန်ုပ်တို့၏ ကျောင်းများကို နှစ်လပိတ်ထားပါသည်။

ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ လေးလသည် မိုးဥတုဖြစ်သည်။ မိုးဥတုတွင် မိုးရေရသဖြင့် သစ်ပင် ချုံနွယ်များ စိမ်းလန်းစိုပြည်၏။ တောင်သူလယ်သမား ဦးကြီးများသည် စပါးများကို ထွန်ယက်စိုက်ပျိုးကြသည်။





တန့်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလသည် ဆောင်းဥတုဖြစ်သည်။ ဆောင်းဥတုတွင် နှင်းကျ၍ အလွန်ချမ်းအေး၏။ ဤဥတုတွင် စပါးများ ရိတ်သိမ်းကြသည်။

ဤသို့ဖြင့် ဥတုသုံးပါးသည် အမြဲ လည်ပတ်လျက်ရှိ၏။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။

ရွက်ဟောင်းကြွေ၊ နည်းပါး၊ ခန်းခြောက်၊ ချုံနွယ်၊ စိုပြည်။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။

ပွင့်ပြင်း၊ စိမ်းလန်း၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ လည်ပတ်။

၃။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။

(က) မြန်မာနိုင်ငံတွင် ဥတု ------ ရှိသည်။

(ခ) တပေါ်ဥတုလျှင် ------ စီ ကြာမြင့်ပါသည်။

(ဂ) ဆောင်းဥတု၌ စပါးများကို ------ ပါသည်။

(ဃ) ကျောင်းများကို ------ တွင် ပိတ်ထားပါသည်။

၄။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) မိုးဥတုတွင် အဘယ်ကြောင့် သစ်ပင်များစိမ်းလန်းစိုပြည်ရ သနည်း။

(ခ) မည်သည့်ဥတုတွင် နှင်းကျ၍ ချမ်းအေးသနည်း။

(ဂ) နွေဥတုအကြောင်းရေးပါ။



# ကျေးဇူးရှင် ဦးကြီးများ

ကျွန်တော်တို့နိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်နေကြသော တောင်သူလယ်သမားများကို ကျွန်တော်တို့ အမြဲလေးစားကြပါသည်။

တောင်သူလယ်သမားများကို လေးစားသောအားဖြင့် ဦးကြီးများဟု ကျွန်တော်တို့ ခေါ်ကြသည်။ ဦးကြီးတို့ ကျေးဇူးကား များပြားလှပါသည်။

ကျွန်တော်တို့ နေ့စဉ်စားသုံးသော ဆန်စပါးကို ဦးကြီးတို့က စိုက်ပျိုးပေးကြသည်။ အဝတ်အထည်ရက်လုပ်ရန် ဝါဂွမ်းကိုလည်း စိုက်ပျိုးပေးကြသည်။ စားသုံးဆီအတွက် နှမ်းနှင့်မြေပဲကိုလည်း စိုက်ပျိုးပေးကြပါသည်။ သစ်သီးဝလံများကိုလည်း ရာသီအလိုက် စိုက်ပျိုးပေးကြသည်။ ဦးကြီးတို့သည် ဆိတ်၊ ကျွဲ၊ နွား စသည်တို့ကိုလည်း မွေးမြူကြပါသည်။

ဦးကြီးတို့၏ ကျေးဇူးကြောင့် ကျွန်တော်တို့၏ စားဝတ်နေရေးတွင် စိတ်အေးရပါသည်။ ထို့ကြောင့် တောင်သူလယ်သမား ဦးကြီးများသည် ကျွန်တော်တို့၏ ကျေးဇူးရှင်များ ဖြစ်ပါသည်။



## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
အဝတ်အထည်၊ ဝါဂွမ်း၊ များပြား၊ ရက်လုပ်။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
သစ်သီးဝလံ၊ မွေးမြူ၊ ကျေးစူး။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) တောင်သူလယ်သမားကြီးများကို အဘယ်ကြောင့် ဦးကြီးများဟု ခေါ်ကြသနည်း။
(ခ) ကျွန်တော်တို့စားသော စပါးကို မည်သူကိုက စိုက်ပျိုးပေးသနည်း။
(ဂ) ဦးကြီးတို့သည် စားသုံးဆီအတွက် မည်သည်တို့ကို စိုက်ပျိုးသနည်း။

၄။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) ကျွန်တော်တို့နိုင်ငံသည် ------ စိုက်ပျိုးသော နိုင်ငံဖြစ်ပါသည်။
(ခ) သစ်သီး ------- များကို ရာသီအလိုက် စိုက်ပျိုးပေးကြသည်။
(ဂ) ဝါဂွမ်းမှ ------ အထည်များ ရက်လုပ်ကြသည်။

(ရွတ်ဆိုရန်)

# လယ်ထွန်မင်္ဂလာသီချင်း

ရမထား ရွှေကြိမ်လုံးရယ်နဲ့၊
ထွန်တုံးကိုတဲ့ ခြေတော်တင်
နွားကြန်စုံနှင့်။
ပျိုးခင်းကိုဝင်၊
ကောင်းကင်က ရွှေပိန်ညင်းရယ်၊
မိုးခေါ်လို့ဆင်း။






## ပစ္စည်းဟူသမျှ ရိုသေကြ

ကျွန်တော်တို့ မောင်နှမနှစ်ယောက်သည် ကိုယ်ပိုင်ပစ္စည်းများကို ရိုသေစွာ အသုံးပြုကြပါသည်။ စာအုပ်များကို မစုတ်မပြဲအောင် ကိုင်ကြပါသည်။ ကျောက်သင်ပုန်း၊ ကျောက်တံနှင့် ခဲတံတို့ကိုလည်း ဂရုစိုက်၍ ကိုင်တွယ်ကြသည်။ ဖတ်စာအုပ်များကို ဖေဖေက အဖုံးဖုံးပေးပါသည်။ အစ်ကိုကြီးအသုံးပြုခဲ့သော ဖတ်စာအုပ်များကို ကျွန်တော်က ရိုသေစွာကိုင်ပါသည်။ ပစ္စည်းဟူသမျှရိုသေရန် ဖေဖေနှင့်မေမေက ကျွန်တော်တို့ကို အမြဲ ဆုံးမပါသည်။

ကျွန်တော်တို့သည် ကျောင်းပိုင်ပစ္စည်းများကိုလည်း ရိုသေကြပါသည်။ အတန်းတွင်းရှိ စာရေးခုံများပေါ်တွင် ခြစ်ရာထွင်းရာများ မပြုကြပါ။ အတန်းတွင်းရှိ သင်ပုန်းကြီး၊ မြေပုံနှင့်ရေအိုးတို့မှာ နေထားတကျရှိပါသည်။ ကျောင်းနံရံများကို ညစ်ပေအောင်မပြုကြပါ။ ကျောင်းစည်းရိုးများကိုလည်း ပျက်စီးအောင် မပြုကြပါ။



ကျောင်းပိုင်ပစ္စည်းများကိုလည်း ကိုယ်ပိုင်ပစ္စည်းများကဲ့သို့ ရှိသေရပါမည်။ ရုပ်ရှင်ရုံ၊ ဘူတာရုံ၊ ဆေးရုံများရှိ အများပိုင်ပစ္စည်းများကိုလည်း ကျွန်တော်တို့ရှိသေရပါမည်။ အများပိုင်ပစ္စည်းများကို ရှိသေခြင်းသည် နိုင်ငံသားကောင်းတစ်ဦး၏ တာဝန်ပင် ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
ပစ္စည်း၊ စုတ်ပြဲ၊ အစ်မကြီး၊ စည်းရိုး။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
ကိုင်တွယ်၊ ဂရုစိုက်၊ ရှိသေ၊ ဆုံးမ၊ နေထားတကျ။

၃။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) ကိုယ်ပိုင်ပစ္စည်းများကို ------ ကိုင်တွယ်ရမည်။
(ခ) စာရေးခုံများပေါ်တွင် ------ များ မပြုကြပါ။
(ဂ) ကျောင်းနံရံများကို ------ အောင် မပြုကြပါ။
(ဃ) အများပိုင်ပစ္စည်းများကိုလည်း ------ ကဲ့သို့ ရှိသေရမည်။

၄။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) သင်သိသော အများပိုင်ပစ္စည်းများကို ဖော်ပြပါ။
(ခ) သင်သိသော ကျောင်းပိုင်ပစ္စည်းများကို ဖော်ပြပါ။
(ဂ) အများပိုင်ပစ္စည်းများကို ရှိသေရန် မည်သူတို့၌ တာဝန်ရှိသနည်း။



# စပါးဖျက်ပိုး

လယ်သမားကြီး ဦးဖိုးသာသည် သူ၏လယ်ထဲမှ စပါးရွက်များပေါ်တွင် အဝါပြောက်များကို တွေ့လေ၏။ ထိုအခါ စပါးပင်များ၌ လောင်မီးပိုးကျနေပြီ ဟု ဦးဖိုးသာသိ၏။ လောင်မီးပိုးကျနေသော စပါးရွက်များကို ချက်ချင်းဖြတ်၍ မီးရှို့၏။ အခြားလယ်နီးချင်းများကိုလည်း အသိပေး၏။ လယ်နီးချင်းများလည်း ချက်ချင်းရောက်လာကြကာ လောင်မီးပိုးကျနေသော စပါးရွက်များကို ဖြတ်ပစ်ကြ၏။ မီးရှို့ပစ်ကြ၏။ ဤသို့ဖြင့် စပါးခင်းများမှ လောင်မီးပိုးကို တောင်သူလယ်သမားကြီးများ စုပေါင်း၍ နှိမ်နင်းနိုင်ခဲ့ကြသည်။

ပိုးများက စပါးပင်များကို အခါမရွေး ဖျက်ဆီးတတ်သည်။ ပိုးဖျက်လျှင် စပါးပင်တို့ ညှိုးနွမ်း၏။ အသီးအနှံအထွက်လျော့၏။ စပါးဖျက်ပိုးများသည် လယ်သမားကြီးတို့၏ ရန်သူဖြစ်သည်။ ပိုးမကျစေရန် စပါးပင်များကို အမြဲ စောင့်ကြည့်ရသည်။ စပါးဖျက်ပိုးကျလာလျှင် စုပေါင်းနှိမ်နင်းရသည်။

လောင်မီးပိုး၊ ငမြှောင်တောင်ပိုး၊ ဆစ်ပိုး စသည်ဖြင့် စပါးဖျက်ပိုးအမျိုးမျိုး ရှိသည်။ ထိုစပါးဖျက်ပိုးများကို နှိမ်နင်းရန် စိုက်ပျိုးရေးဌာနက နည်းပေးသည်။ ရွာသူ ရွာသားများကလည်း လိုက်နာဆောင်ရွက်ကြပါသည်။

# လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
ချက်ချင်း၊ လယ်နီးချင်း၊ နှိမ်နင်း၊ ညှိုးနွမ်း၊ ခြောင်တောင်ပိုး။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
စုပေါင်း၊ အသီးအနှံ၊ အသိပေး၊ လိုက်နာ၊ နှိမ်နင်း။

၃။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) လောင်မီးပိုးကျသော စပါးရွက်များကို ချက်ချင်းဖြတ်၍ ------- ပစ်ရမည်။
(ခ) ပိုးများက စပါးပင်များကို ------- ဖျက်ဆီးတတ်၏။
(ဂ) စပါးဖျက်ပိုးများသည် ------- တို့၏ ရန်သူဖြစ်သည်။

၄။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) စပါးဖျက်ပိုးအမျိုးမျိုးကို ဖော်ပြပါ။
(ခ) လောင်မီးပိုးကျနေသော စပါးပင်များကို မည်သို့ ပြုလုပ်ရမည်နည်း။
(ဂ) ပိုးဖျက်လျှင် စပါးပင်များ မည်သို့ဖြစ်တတ်သနည်း။
(ဃ) စပါးဖျက်ပိုးများကို နှိမ်နင်းရန် မည်သည့်ဌာနက နည်းပေးသနည်း။



# မြန်မာကလေးကစားစရာ

ကျွန်တော်တို့သည် ဘုရားပွဲတော်သို့ သွားပါသည်။ ပွဲဈေးအလွန်စည်ပါသည်။ ဈေးသို့ရောက်သောအခါ မြန်မာကလေးကစားစရာများကို တွေ့ရပါသည်။ ထိုကစားစရာများသည် အလွန်လှပ၍ နှစ်သက်ဖွယ် ကောင်းပါသည်။

ရွှံ့ဖြင့်ပြုလုပ်သော အိုးပုတ်၊ ချိုးရုပ်၊ ငှက်ရုပ်၊ နွားရုပ်ကလေးများမှာ ချစ်စရာ ကောင်းလှပါသည်။ စက္ကူဖြင့်ပြုလုပ်သော ဓားကွက်ရုပ်၊ ဖိုးဝရုပ်နှင့် ပစ်တိုင်းထောင်ရုပ်တို့ကိုလည်း ပွဲဈေးတွင် တွေ့ရပါသည်။ ရွှေရောင်ဝင်းနေသော ဓားကွက်ရုပ်ကြီးများမှာ နှစ်သက်စရာ ကောင်းလှပါသည်။ ဝဝတုတ်တုတ် ဖိုးဝရုပ် များမှာလည်း ချစ်စရာကောင်းလှပါသည်။ မျက်နှာဝိုင်းဝိုင်းနှင့် ပစ်တိုင်းထောင်အရုပ်ကို ကျွန်တော်တို့ အလွန်သဘောကျပါသည်။

သစ်သားနှင့်လုပ်ထားသော အိုးစည်၊ ကျားရုပ်၊ မြင်းရုပ်ကိုလည်း တွေ့ရသည်။ အဝတ်စဖြင့် လုပ်ထားသော မင်းသားရုပ်၊ မင်းသမီးရုပ်၊ ဇော်ဂျီရုပ်ကလေးများကို ဆိုင်ခန်းထဲတွင် ချိတ်ဆွဲထားပါသည်။ ဝါးဖြင့်လုပ်ထားသော ပလွေ၊ ဓား၊ သေနတ်တို့ ခင်းကျင်းပြသ ထားသည်ကိုလည်း တွေ့ရပါသည်။ ကျွန်တော်တို့သည် ထိုအရုပ်များကို အလွန်နှစ်သက်ပါသည်။ ထို့ကြောင့် အရုပ်ဆိုင်မှ မခွာနိုင်အောင် ဖြစ်နေကြပါသည်။

ဖေဖေနှင့် မေမေတို့ကကျွန်တော်တို့အတွက် ကစားစရာအရုပ်မျိုးစုံကို ဝယ်ပေးပါသည်။





## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
အိုးပုတ်၊ ရိုးရုပ်၊ ပစ်တိုင်းထောင်၊ သေနတ်။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
ကစားစရာ၊ ချစ်စရာ၊ မျက်နှာ၊ ရိုတ်ဆွဲ။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) ဘုရားပွဲတွင် တွေ့ရသော အရုပ် ၅ မျိုးကို ရေးပြပါ။
(ခ) သစ်သားနှင့်လုပ်ထားသော အရုပ်များကို ဖော်ပြပါ။
(ဂ) မည်သည့်အရုပ်ကို သင် အနှစ်သက်ဆုံး ဖြစ်သနည်း။
(ဃ) စက္ကူဖြင့်ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။
(င) ဝါးဖြင့် ပြုလုပ်ထားသော အရုပ်များကို ဖော်ပြပါ။

၄။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) အိုးပုတ်၊ ရိုးရုပ်များကို ------- ဖြင့် ပြုလုပ်ထားပါသည်။
(ခ) ရွှေရောင်ဝင်းနေသော ------ ရုပ်ကြီးများမှာ နှစ်သက်စရာ ကောင်းလှပါသည်။
(ဂ) မင်းသားရုပ်၊ မင်းသမီးရုပ်၊ ဇော်ဂျီရုပ်များကို ---------- ဖြင့် ပြုလုပ်ထားပါသည်။

(ရွတ်ဆိုရန်)

## ပင်ဝါးရုံ

စိမ်းလဲ့ငယ်တဲ့ ညိုရောင်။
ပင်ဝါးရုံ လေယူသိမ်းတယ်။
ယိမ်းနွဲ့ ဖြောက်တောင်။
မြူနှိုးရယ်မှောင်၊
ဟိုတောင်ကြော့ ဓါးပန်း။
ရွှေဥဒေါင်းငယ်တို့၊
မြိုင်စောင်းမှာ တွန်သံ မျို့လှုတယ်။
ကွန်းခိုတဲ့နန်း။





# ကျေးညီနောင်

ရှေးသရောအခါ လက်ပံပင်ကြီးတစ်ပင်၌ ကျေးညီနောင်တို့ နေကြလေ၏။ သူတို့သည် အတောင်မစုံသေးသဖြင့် ကောင်းစွာ မပျံနိုင်ကြချေ။

တစ်နေ့သ၌ လေပြင်းမုန်တိုင်းကျ၍ ထိုကျေးညီနောင်တို့ လွင့်ပါသွားကြ၏။ တစ်ကောင်မှာ ခိုးသူတို့နေရာ၌ကျ၍ ခိုးသူတို့က ကောက်ယူကျွေးမွေးထား၏။ ကျန်တစ်ကောင်မှာ ရသေ့တို့၏ ကျောင်းဝင်းအတွင်း၌ကျ၍ ရသေ့တို့က ကောက်ယူကျွေးမွေးထား၏။ တစ်နေ့သော် ဘုရင်ကြီးတစ်ပါးသည် တောကစားထွက်လာရာ မောပန်းသဖြင့် ခိုးသူတို့ရွာအနီးရှိ သစ်ပင်ရိပ်တွင် အပန်းဖြေ၏။ ခိုးသူတို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် ဤသူကိုသတ်လော့။ အဝတ်တန်ဆာတို့ကို ယူကြကုန်လော့ဟု ဟစ်အော်တိုက်တွန်းလေသည်။

ဘုရင်ကြီးလည်း ဤအရပ်သည် ဘေးအန္တရာယ်များ၏။ မနေသင့်ဟု ဆိုကာ အမြန်ထွက်ခွာသွားလေ၏။

ဘုရင်ကြီးသည် ရသေ့တို့နေရာသို့ရောက်၍ နားနေပြန်၏။ ထိုအခါ ရသေ့တို့မွေးထားသော ကျေးက အရှင်မင်းကြီးကြွပါ။ အပန်းဖြေပါ။ အေးမြသောရေကို သောက်ပါ။ ဤသစ်သီးကို သုံးဆောင်ပါဟု သာယာသောအသံဖြင့် ကြိုဆို၏။

ဘုရင်လည်း အသင်ကျေး၊ ယခင်ငါတွေ့ခဲ့သောကျေးသည် သင်ကဲ့သို့မဟုတ်။ ရိုင်းစိုင်းလှ၏။ သင့်မှာမူကား ယဉ်ကျေးလှပေစွဟု ချီးမွမ်း၏။

အရှင်မင်းကြီး ယခင်ကျေးသည် ကျွန်ုပ်၏ညီပင်တည်း။ ကျွန်ုပ်တို့ညီနောင်သည် လေမုန်တိုင်းကြောင့် တကွဲတပြားစီ ဖြစ်ခဲ့ကြရပါသည်။ ကျွန်ုပ်၏ညီသည် ခိုးသူတို့ထံသို့ရောက်၍ ကြမ်းတမ်းရပါသည်။ ကျွန်ုပ်မှာမူ ဆရာရသေ့တို့ထံရောက်၍ နူးညံ့သိမ်မွေ့ရပါသည်ဟု ကျေးက ဆိုလေသတည်း။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
မောပန်း၊ အဝတ်တန်ဆာ၊ အန္တရာယ်၊ အပန်းဖြေ။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
လေပြင်းမုန်တိုင်း၊ သုံးဆောင်၊ ချီးမွမ်း၊ အေးမြ၊ နူးညံ့သိမ်မွေ့။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) ခိုးသူတို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်သို့ပြောသနည်း။
(ခ) ရသေ့တို့ မွေးထားသော ကျေးသည် ဘုရင်ကြီးကို မြင်လျှင် မည်သို့ပြောသနည်း။
(ဂ) ပတ်ဝန်းကျင်ကြောင့် လူတစ်ယောက်၏ အပြုအမူပြောင်းလဲနိုင်ပါသလား။ အဘယ်ကြောင့်နည်း။ ပြောပြပါ။

၄။ အောက်ပါကွက်လပ်များတွင်သင့်လျော်သောစကားလုံးများကို ဖြည့်ပါ။
(က) ဘုရင်ကြီးသည်ခိုးသူတို့ရွာအနီးရှိ ------ တွင် အပန်းဖြေ၏။
(ခ) ခိုးသူထံရောက်သော ကျေးသည် ------ ၏။
(ဂ) ရသေ့တို့ထံ ရောက်သောကျေးသည် ------ ၏။

ဖ/ဆ



# အတာသင်္ကြန်

တန်ခူးလသည် နှစ်သစ်ကူးသောလဖြစ်သည်။

တန်ခူးလကို အတာကူးသောလဟူ၍လည်း သိကြသည်။ အတာကူးခြင်းဆိုသည်မှာ နှစ်ကာလကူးပြောင်းခြင်းပင် ဖြစ်သည်။

တန်ခူးလ ပိတောက်ပန်းပွင့်ချိန်တွင် မြန်မာ့ရိုးရာ သင်္ကြန်ရေသဘင်ပွဲတော်ကိုကျင်းပကြသည်။ သင်္ကြန်ဟူသောစကားသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

သင်္ကြန်အခါတွင် လူအများသည် ဘုရားပုထိုးများကို ရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုပြုကြသည်။ တိရစ္ဆာန်များကိုလည်း ဘေးမဲ့လွှတ်ကြသည်။

ရတနာသုံးပါး၊ ဆရာသမား၊ ဘိုးဘွားမိဘစသော ရှိသေထိုက်သူတို့ကို ကန်တော့ကြသည်။ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်းဖြင့် ကုသိုလ်ကောင်းမှု ပြုကြသည်။

လူငယ်များသည် သင်္ကြန်အခါတွင် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ အမွှေးနံ့သာရေ ထည့်ထားသော ငွေဖလား၊ သပြေခက်များနှင့် ယဉ်ကျေးစွာ ရေကစားကြသည်။ အချို့မှာ အိုးစည်ဗုံမောင်းတီးလျက် အကအခုန်

များဖြင့် ရေသဘင်ပွဲကို ဆင်နွှဲကြသည်။ မြို့ကြီးပြကြီးများတွင် မဏ္ဍပ်များထိုး၍ ရေကစားကြသည်။ အလှပြသင်္ကြန်ကားကြီးများနှင့် လှည့်လည်ကပြကြသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ကျွန်ုပ်တို့သည် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲသင့်ပေသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
တန်ခူး၊ သင်္ကြန်၊ အဓိပ္ပာယ်၊ ရေသပ္ပာယ်၊ တိရစ္ဆာန်၊ မဏ္ဍပ်။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
နှစ်သစ်ကူး၊ ရေသဘင်ပွဲ၊ ကုသိုလ်ကောင်းမှု၊ သက်ကြီးရွယ်အို။

၃။ အောက်ပါကွက်လပ်များတွင်သင့်လျော်သောစကားလုံးများကို ဖြည့်ပါ။
(က) သင်္ကြန်ရေသဘင်ပွဲတော်ကို -------- တွင် ကျင်းပသည်။
(ခ) သင်္ကြန်အခါတွင်လူအများသည်ဘုရားပုထိုးများကို -------- ကြသည်။
(ဂ) သင်္ကြန်ခါတွင် တစ်ဦးနှင့်တစ်ဦး ------------ စွာ ရေပက်ကစားကြသည်။

၄။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) အတာကူးခြင်း ဆိုသည်မှာ အဘယ်နည်း။
(ခ) သင်္ကြန်ဟူသောစကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။
(ဂ) မည်သည့်အချိန်တွင် သင်္ကြန်ပွဲကျင်းပကြသနည်း။
(ဃ) သင်တို့သည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မည်သို့ဆင်နွှဲသင့်သနည်း။

(ရွတ်ဆိုရန်)

## မိဘဝတ်

မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်
အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊
ဖခင် မယ်တို့တာ။





(ရွတ်ဆိုရန်)

## ဆရာ့ဝတ်

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊
သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့၊ ဆရာတို့၊
ကျင့်ဖို့ ဝတ်ငါးဖြာ။



မက်ဆီကန်



ကပ္ပလီ

# ရပ်ဝေးမြေခြားကလေးများ



အိန္ဒိယလူနီ



အက်စကီမိုး



အာရပ်



ဂျပန်

# ရပ်ဝေးမြေခြားကလေးများ



တရုတ်



အိန္ဒိယ

# တိရစ္ဆာန် ဥယျာဉ်

တနင်္ဂနွေနေ့တွင် ကျွန်တော်တို့မိသားစုသည် တိရစ္ဆာန်ဥယျာဉ်သို့သွားကြပါသည်။ ညီမလေးက မျောက်ကလေးများကိုတွေ့သောအခါ ငှက်ပျောသီးကျွေးမည်ဟု ဖေဖေ့ကိုပြောသည်။ ညီမလေးသည် မျောက်ကလေးများကို ငှက်ပျောသီးကျွေးသည်။ မျောက်ကလေးများသည် အငြိမ်မနေ၊ ခုန်တက်ပြေးလွှား ဆော့ကစားနေကြသည်။ တစ်နေရာတွင် ယုန်ကလေးများကို တွေ့ရပါသည်။ ကျွန်တော်သည် ယုန်ကလေးများကို အလွန်ချစ်ပါသည်။

အခြားနေရာတွင် ရေမြင်းကို လူအများဝိုင်းအုံကြည့်နေကြသည်။ ကျွန်တော်နှင့်ညီမလေးသည် လူအုပ်ထဲသို့ဝင်၍ ရေမြင်းကိုကြည့်ပါသည်။ ရေမြင်းသည် ပါးစပ်ကြီးကိုဟလျက် အစာတောင်းနေသည်။ ကလေးငယ်တစ်ဦးက ရေမြင်း၏ ပါးစပ်ထဲသို့ ကန်စွန်းရွက်ကို ပစ်ချပေးသည်။ ရေမြင်းသည် ကန်စွန်းရွက်ကို ဝါး၍ ရေထဲသို့ဆင်းသွားပါသည်။

ညီမလေးသည် ဆင်ကြီးကိုတွေ့သောအခါ အလွန်သဘောကျသည်။ ဆင်ကြီးသည် နှာမောင်းကိုမြှောက်၍ ကိုယ်ကို လှုပ်ယမ်းနေပါသည်။ ကျွန်တော်သည် ဆင်ကြီးကို ကြံတစ်ချောင်းပစ်၍ကျွေးပါသည်။ ဆင်ကြီးက ကြံကို နှာမောင်းဖြင့် ကျင်လည်စွာ ကောက်ယူ၍ ပါးစပ်ထဲသို့ ထည့်သွင်းလိုက်ပါသည်။

သစ်ကုလားအုတ်သည် လည်တံအလွန်ရှည်ပါသည်။ ကိုယ်တွင်အပြောက်အပြောက်နှင့် အလွန်လှပါသည်။ လူဝံကြီးကို မြင်သောအခါ ကျွန်တော်တို့ လန့်သွားသည်။ လူဝံကြီးက သံတိုင်နားကပ်၍ လမ်းလျှောက်ပြပါသည်။

တိရစ္ဆာန်ဥယျာဉ်တွင် ကျွန်တော်တို့မိသားစုသည် ကျား၊ ခြင်္သေ့၊ ဝက်ဝံ၊ မြင်းကျား၊ ကျားသစ်၊ မိကျောင်းနှင့် ငှက်အမျိုးမျိုးကို တွေ့ရပါသည်။ သားပိုက်ကောင်မှာ သူ့သားကလေးကို ဝမ်းဗိုက်တွင် ပိုက်ပွေ့ထားသည်။

ရေကန်ကမ်းစပ်တွင် လျှောက်နေသောငှက်ကြီးကို ညီမလေးက လက်ညှိုးထိုးပြ၍ ဘာငှက်ကြီးလဲဟု ဖေဖေ့ကို မေးသည်။ ငှက်ကြီးဝန်ပိုဟု ဖေဖေက ဖြေပါသည်။ ရေထဲမှာ ငုပ်ချည်ပေါ်ချည်ကစားနေသော ဖျံကလေးများကိုတွေ့သောအခါ ကျွန်တော်နှင့်ညီမလေး အလွန်ပျော်ပါသည်။

ကျွန်တော်တို့သည် တိရစ္ဆာန်ဥယျာဉ်တွင် တစ်နေကုန် လည်ပတ်၍ ညနေစောင်းမှ အိမ်ပြန်ခဲ့ကြပါသည်။





13 B

# လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
ဥယျာဉ်၊ ကန့်စွန်းရွက်၊ ကျင်လည်၊ သစ်ကုလားအုတ်၊ အပြောက်အပြောက်၊
လှုပ်ယမ်း။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
မိသားစု၊ လူအုပ်၊ လမ်းလျှောက်၊ ပိုက်ပွေ့၊ ငုပ်ချည်ပေါ်ချည်။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) ညီမလေးသည် မျောက်ကလေးများကို ဘာကျွေးသနည်း။
(ခ) ရေမြင်းသည် ဘာကို စားသနည်း။
(ဂ) ဆင်ကြီး ဘာလုပ်နေသနည်း။
(ဃ) သင်နှစ်သက်သော တိရစ္ဆာန် ၅ မျိုး၏ အမည်ကို ဖော်ပြပါ။

၄။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) ဆင်ကြီးက ကြံကို ---------------- ဖြင့် ကောက်ယူ၍ ပါးစပ်ထဲသို့ ထည့်သွင်းလိုက်ပါသည်။
(ခ) သစ်ကုလားအုတ်သည် ------ အလွန်ရှည်ပါသည်။
(ဂ) သားပိုက်ကောင်မှာ သူ့သားကလေးကို ------ တွင် ပိုက်ပွေ့ထားသည်။



# နွားအကြောင်း

မြန်မာ့လယ်ယာလုပ်ငန်းတွင် နွားကို အသုံးပြုကြသည်။ လယ်ယာ စတင်ထွန်ယက်သည့်အချိန်မှစ၍ သီးနှံများကို သိမ်းဆည်းပြီးသည့်အချိန်အထိ နွားဖြင့်အလုပ်လုပ်ကြရသည်။

နွားကို လှည်းတွင်တပ်ဆင်ကာ ခရီးသွားရန်နှင့် သယ်ယူပို့ဆောင်ရန်အသုံးပြုကြသည်။ နွားချော နွားကောင်းများကို အလှမွေးကြသည်။ သွေးတူမွေးတူနွားများကို ချူများ၊ အဆင်တန်ဆာများဆင်ပြီးလျှင် လှည်းယဉ်တွင်တပ်ကာ မောင်းလေ့ရှိကြသည်။

နွားထီးများကို လုပ်ငန်းတွင် အသုံးပြုကြသည်။ နွားမများကိုမူ နွားနို့ရရန်နှင့် မျိုးပွားရန် မွေးမြူကြသည်။ အချို့သောနိုင်ငံများတွင် အသားရရန် နွားကိုသီးသန့်မွေးမြူကြသည်။

မြန်မာနိုင်ငံတွင် စားကျက်များသို့လွှတ်၍ နွားကျောင်းလေ့ရှိကြသည်။ နွားစာသည် မြက်၊ ကောက်ရိုး စသည်တို့ဖြစ်သည်။ နွားများကို ခြံခတ်၍လည်းကောင်း၊ နွားတင်းကုပ်များဆောက်၍ လည်းကောင်း ထားလေ့ရှိသည်။

နွားသည် လူတို့အတွက် အသုံးဝင်သော တိရစ္ဆာန်ဖြစ်သည်။


# လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
သိမ်းဆည်း၊ ချူ၊ အဆင်တန်ဆာ၊ လှည်းယဉ်၊ ခြံစတ်၊ တင်းကုပ်။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
မျိုးပွား၊ သီးသန့်၊ စားကျက်၊ အသုံးဝင်၊ သွေးတူမွေးတူ။

၃။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) နွားကိုမည်သို့ အသုံးပြုကြသနည်း။
(ခ) နွားမများကို မည်သည့်အတွက် မွေးမြူကြသနည်း။
(ဂ) နွားကို မည်ကဲ့သို့ ထားလေ့ရှိသနည်း။

၄။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကို ဖြည့်ပါ။
(က) နွားကို လယ်ယာစတင်ထွန်ယက်သည့်အချိန်မှစ၍ သီးနှံများကို ------ ပြီးသည့်အချိန်အထိ အသုံးပြုကြသည်။
(ခ) သွေးတူမွေးတူနွားများကို ------------ တွင် တပ်ကာ မောင်းလေ့ရှိကြသည်။
(ဂ) မြန်မာနိုင်ငံတွင် စားကျက်သို့လွှတ်၍ ------ လေ့ရှိသည်။



(ရွတ်ဆိုရန်)

## တောသူ့ရွာမို့



ရွှေပဟိုရ် စည်သံများကိုလ၊
မကြားရ ကြာချေပြီ၊
လေးလ ရာသီ။
တိုင်းဌာနီ၊
မဟုတ်ကယ် ဝါပြီလို့။
ကြက်သံကို ပဟိုရ်ပြုရတယ်၊
တောသူ့ရွာမို့။




# အိမ်နောက်ဖေး ဈေးဆိုင်တည်

ရှေးအခါက ဖခင်တစ်ဦးသည် မိမိ၏သားနှစ်ယောက်ကိုခေါ်ပြီးလျှင် အောက်ပါ စကားကြီးငါးခွန်းကို မှာကြားဆုံးမလေ၏။

ချစ်သားတို့၊ ဖခင်မရှိလျှင် တစ်ရွာတစ်ကျီဆောက်ပါ။ အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ပါ။ ခေါင်းတစ်ရာသားကိုစားပါ။ တစ်နေ့ပုဆိုးသုံးခါ လဲပါ။ ဦးခေါင်းသုံးလုံးရှိသူထံမှာ သင်ယူပါ။

သားနှစ်ယောက်သည် ဖခင်၏စကားကို မှတ်သားထားကြ၏။ ဖခင်ကွယ်လွန်သော် သားငယ်သည် တစ်ရွာလျှင်တစ်ကျီဆောက်၏။ အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်၏။ကြက်ဦးခေါင်း၊ ဆိတ်ဦးခေါင်းတို့ကို ခေါင်းတစ်ရာပြည့်အောင် ဝယ်ယူ၍ စားသောက်၏။ ထို့ကြောင့် သားငယ်၏ ငွေများကုန်သဖြင့် ဆင်းရဲသွားလေ၏။






သားကြီးကမူ ဖခင်၏ဆုံးမစကားသည် ထူးဆန်းပေစွ။ ဦးခေါင်းသုံးလုံး ရှိသူကို မေးအံ့ဟု လိုက်ရှာလေ၏။

ဤသို့လိုက်ရှာနေစဉ် ရွာတစ်ရွာတွင် အဘိုးအိုတစ်ယောက်ကို တွေ့၏။ အဘိုးအိုသည် အိုမင်းလွန်းသဖြင့် ထိုင်နေသည့်အခါတွင် ဒူးနှစ်လုံးကြား၌ ခေါင်းဝင်၍ နေ၏။ အဝေးကကြည့်ပါက အဘိုးအို၌ ခေါင်းသုံးလုံးရှိသည်ဟု ထင်ရ၏။

အဘိုးအိုထံသို့သွား၍ ဖခင်မှာခဲ့သော စကား၏အဓိပ္ပာယ်ကို ရိုသေစွာ မေးလေသည်။ အဘိုးအိုက ဤသို့ရှင်းပြလေ၏။

ငါ့မြေး။ တစ်ရွာတစ်ကျီဆောက်ပါဆိုသည်မှာ ရောက်ရာအရပ်တွင် မိတ်ဆွေဖွဲ့ပါဟု ဆိုလိုသည်။ သို့မှသာ ခရီးသွားလာသောအခါ မှီခိုအားထားရာရမည်။

အိမ်နောက်ဖေး ဈေးဆိုင်တည်ပါဆိုသည်မှာ အိမ်နောက်ဖေးတွင် ဟင်းသီးဟင်းရွက်ပင်များစိုက်ပါဟု ဆိုလိုသည်။ သို့မှသာ ဈေးဖိုးသက်သာမည်။

ခေါင်းတစ်ရာသားကိုစားပါဆိုသည်မှာ ငါးနုပ်၊ ငါးသေး၊ ပုဇွန်ဆိတ်တို့ကို စားပါဟု ဆိုလိုသည်။ ဤအစာမျိုးသည် အာဟာရလည်း ဖြစ်၍ ဈေးလည်း ချိုသည်။

တစ်နေ့လျှင် ပုဆိုးသုံးခါလဲပါဆိုသည်မှာ ဝတ်ထားသော လုံချည်ကို တစ်နေ့သုံးခါလှည့်၍ ဝတ်ပါဟု ဆိုလိုသည်။ သို့မှသာ အစုတ်သက်သာမည်။

ခေါင်းသုံးလုံးရှိသူထံမှာ သင်ယူဂါဆိုသည်မှာ အသက်အရွယ်ကြီးသူထံမှာ သင်ယူပါဟု ဆိုလိုသည်။ သို့မှသာ ဗဟုသုတ အသိပညာ တိုးပွားမည်။

ထိုအခါ သားကြီးသည် ဆုံးမစကား၏အဓိပ္ပာယ်ကို ကောင်းစွာသဘော ပေါက်၍ အဘိုးအိုပြောသည့်အတိုင်း လိုက်နာသဖြင့် ကြီးပွား ချမ်းသာလာလေ သတည်း။

## လေ့ကျင့်ခန်း

၁။ အောက်ပါစကားလုံးများ၏ စာလုံးပေါင်းသတ်ပုံကို လေ့ကျင့်ပါ။
တစ်ရွာတစ်ကျေး၊ မှိုနို၊ ဈေးဖိုး၊ ပုစ္ဆန်ဆိတ်၊ လုံ့ရှည်၊ အစုတ်။

၂။ အောက်ပါစကားလုံးများဖြင့် ဝါကျဖွဲ့ပြပါ။
ထူးဆန်း၊ အိုမင်း၊ မိတ်ဆွေဖွဲ့၊ သက်သာ၊ ဗဟုသုတ၊ ကြီးပွား။

၃။ အောက်ပါကွက်လပ်များတွင် သင့်လျော်သော စကားလုံးများကိုဖြည့်ပါ။
(က) တစ်ရွာတစ်ကျေးသောက်ပါဆိုသည်မှာ ——— ဟု ဆိုလိုသည်။
(ခ) အိမ်နောက်ဖေး ဈေးဆိုင်တည်ပါဆိုသည်မှာ ————— ဟု ဆိုလိုသည်။
(ဂ) ခေါင်းတစ်ရာသားကို စားပါဆိုသည်မှာ ——————— ဟု ဆိုလိုသည်။
(ဃ) တစ်နေ့ ပုဆိုးသုံးခါလဲပါဆိုသည်မှာ ——— ဟု ဆိုလိုသည်။
(င) ခေါင်းသုံးလုံးရှိသူထံမှာ သင်ယူပါဆိုသည်မှာ ———— ဟု ဆိုလိုသည်။

၄။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။
(က) သားငယ်သည် အဘယ်ကြောင့် ဆင်းရဲသွားသနည်း။
(ခ) သားကြီးသည် အဘယ်ကြောင့် ကြီးပွားချမ်းသာလာသနည်း။



(ရွတ်ဆိုရန်)

## မဲဇာမြိုင်

လေသွေးရာရျိ၊
ရွှေဖီက မွှေး။
ဝတ်ပန်းငယ် ငုံခိုင်နှင့်
မဲဇာမြိုင် ဂနိုင်အုပ်မှာ၊
ရွှေဘုတ်က ကြွေး။

(ရွတ်ဆိုရန်)

# စကားထာ

၁။ ခေါင်းမြီးခြုံ၊
လုံပါပေ့။
ဆံမြိတ်ချ၊
လှပါပေ့။
ကျောက်တန်းစီ၊
ညီပါပေ့။

၂။ ဒိုက်စုတ်တော့၊
အုတ်ပေါ်။
အုတ်စုတ်တော့၊
ကြွေပေါ်။
ကြွေစုတ်တော့၊
ရေပေါ်။
ဘာသီးလဲနော်။